ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

# ရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများ

၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၊ ( ၅ ) ရက် ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း(၁)** | |
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| | **အခန်း(၂)** | |
| ၂။ | ရေချိုငါးလုပ်ငန်းရေပြင်များခွဲခြားသတ်မှတ်ခြင်း | ၃ |
| | **အခန်း(၃)** | |
| ၃။ | အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၃ |
| | **အခန်း(၄)** | |
| ၄။ | နှစ်ရှည်အငှားဂရန်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၀ |
| | **အခန်း(၅)** | |
| ၅။ | တင်ဒါလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၁ |
| | **အခန်း(၆)** | |
| ၆။ | ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၇ |
| | **အခန်း(၇)** | |
| ၇။ | ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် | ၂၁ |
| | ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် | |
| | ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း၊ထုတ်ပေးခြင်း | |
| | **အခန်း(၈)** | |
| ၈။ | အခွန်အခပေးဆောင်ခြင်း | ၂၂ |
| | **အခန်း(၉)** | |
| ၉။ | နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း | ၂၃ |

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
# စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် - ၁၈ /၂၀၁၅

ရန်ကုန်မြို့၊ ၁၃၇၇ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၊ ၅ ရက်

(၂၀၁၅ခုနှစ်၊ ဩဂုတ် လ ၅ ရက်)

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၇၂ ၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း( ၁ )
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကိုရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းနည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသည့် စကားရပ်များသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေတွင်ပါရှိသည့် စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေကို ဆိုသည်။

(ခ) **တင်ဒါငါးဖမ်းကွက်(သို့မဟုတ်) တင်ဒါချက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်တွင် တင်ဒါလိုင်စင်ချထား၍ ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့်ငါးဖမ်းကွက်ကိုဆိုသည်။

(ဂ) **အခိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက်ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီးရေလာအဟန့်အတားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီး တစ်ခုခုကို ဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေတွင် ပူးတွဲပါရှိသည့် ပုံစံကိုဆိုသည်။

(င) **နှစ်ရှည်အငှားဂရန်အင်း** ဆိုသည်မှာ အငှားဂရန်အင်းများ၊ မပျက်စီးစေရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်စေရန် အငှားချထားသူသို့ ဦးစီးဌာနက စည်းကမ်းချက် သတ်မှတ်၍ နှစ်ကာလအကန့်အသတ်ဖြင့် သင့်လျော်သော အင်းခွန်ငွေသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုသော အငှားဂရန်အင်းကို ဆိုသည်။

(စ) **ဒဏ်ကြေးငွေ** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ပေးဆောင်ရသည့် ငွေကိုလည်းကောင်း၊ သတ်မှတ် အခွန်ငွေကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်သဖြင့် ထပ်မံပေးဆောင် ရသည့် ငွေကိုလည်းကောင်းဆိုသည်။

(ဆ) **အခွန်လွတ်ငါးဖမ်းကိရိယာ** ဆိုသည်မှာ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း တင်ဒါငါးဖမ်းကွက်တို့မှအပ ဦးစီးဌာနက ငါးဖမ်းဆီးခွင့်သတ်မှတ်ထားသော ရေချိုငါး လုပ်ငန်းရေပြင်များတွင် အခွန်ပေးဆောင်ရန်မလိုဘဲ ငါးဖမ်းဆီးခွင့်ရှိသည့် ငါးဖမ်း ကိရိယာကို ဆိုသည်။

(ဇ) **ငါးရစ်** ဆိုသည်မှာ ငါးများမျိုးပွားသည့်ရာသီတွင် မိတ်လိုက်ငါးသားပေါက်ရန် နေရာ ရှာနေသော ငါးထီး ၊ ငါးမ ကိုဆိုသည်။

(ဈ) **ငါးသန်** ဆိုသည်မှာ သက်ကြီးကောင်အဆင့်သို့ မရောက်ရှိသေးသော ပေါက်ဖွါးပြီးခါစ သုံးလသားအရွယ်အောက် ငါးသားပေါက်ငယ်လေးများကို ဆိုသည်။

(ည) **သုတေသနလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးနှင့် နိုင်ငံတကာ ငါးလုပ်ငန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် စူးစမ်းလေ့လာခြင်း၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ စမ်းသပ်ခြင်း၊ မှတ်တမ်းပြုစုထိန်းသိမ်းထားရှိခြင်း နှင့် စာတမ်းရေးသားဖြန့်ဝေထုတ်ပြန်ခြင်းတို့ကို ဆိုသည်။

## အခန်း(၂)

## ရေချိုငါးလုပ်ငန်းရေပြင်များခွဲခြားသတ်မှတ်ခြင်း

၃။ ဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း(၂)ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငါးများနေထိုင်ပေါက်ဖွားကြီးပြင်းရာ ရေချိုငါးလုပ်ငန်းရေပြင်များကို အောက်ပါအတိုင်းခွဲခြားသတ်မှတ်သည်-

(က) အငှားဂရန်အင်း၊

(ခ) သီးသန့်အင်း၊

(ဂ) ဘေးမဲ့အင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်၊

(င) လိုင်စင်ဖြင့် ငါးဖမ်းခွင့်ပြုထားသော ရေချိုငါးလုပ်ငန်းရေပြင်၊

(စ) ငါးဖမ်းခွင့်ပြုထားခြင်းမရှိသော ရေချိုငါးလုပ်ငန်းရေပြင်၊

## အခန်း(၃)

## အငှားဂရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို နှစ်စဉ်ဧပြီလတွင်စတင်ဆောင်ရွက်ရမည်။

၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) လေလံတင်ရောင်းချမည့်အစီအစဉ်ကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) မိမိစီမံခန့်ခွဲရသော . တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက်လေလံတင်ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ဂရန်အင်းတည်ရှိရာ မြို့နယ်၏

မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(၃) တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်

ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၃ ဦး အဖွဲ့ဝင်

(ဂ) အပိုဒ်ခွဲ(ခ)အရဖွဲ့စည်းသောဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အဌားဂရန်အင်းများလေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိဂရန်အင်းများကို ၁ နှစ် ကာလအတွက် လေလံတင်ရောင်းချနိုင်ရန် ရောင်းချမည့်အင်းစာရင်း၊ ရောင်းချမည့် နေ့ရက် အချိန်နှင့်နေရာတို့ကို ခရိုင်ဦးစီးဌာနမှူးထံတင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးမှတင်ပြလာသည့် အင်းများ လေလံတင်ရောင်းချမည့်အစီအစဉ်ကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အင်းများလေလံတင်ရောင်းချမည့် အစီအစဉ်ကို ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်၅(က)ပါအတိုင်း တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အကြောင်း ကြားချက်ရရှိပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြို တင်၍ လေလံကြော်ငြာ ပုံစံ(၁) ဖြင့်မြို့နယ်အတွင်း ကြော်ငြာရမည်။

(ဃ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရန် လိုအပ်ပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၁၀ရက်ကြိုတင် ၍လေလံကြော်ငြာပုံစံ (၁)ဖြင့် မြို့နယ်အတွင်းကြော်ငြာရမည် -

(၁) လေလံဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၇။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ် လျှောက်လွှာပုံစံ (၂)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၂) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အင်းခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံသူ မဟုတ်ခြင်း၊

(ဂ) ဆွဲဝယ်သည့်ဂရန်အင်း၏ ယခင်နှစ်အင်းခွန်ဈေးနှုန်းကို ဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးဖြစ်ခြင်း၊

၉။ မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်း၊ လေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို အပိုဒ် ၈ အရစိစစ်ပြီး ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။ လျှောက်လွှာကို ငြင်းပယ်လျှင်ယင်းသို့ ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များကိုသက်ဆိုင်ရာ အင်းအမှုတွဲတွင် ရေးသွင်းထားရမည်။

၁၀။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၉ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ် ပုံစံ (၃) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။ တင်ပြလာသောလျှောက်လွှာသည် သတ်မှတ်ချက်များ နှင့်မညီညွတ်ပါက လျှောက်လွှာကို ငြင်းပယ်သည့်ကျိုးကြောင်းဖော်ပြချက်များကို သက်ဆိုင်ရာ အင်း အမှုတွဲတွင် ရေးသွင်းထားရမည်။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ဂရန်အင်း လေလံဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၃)ကို လေလံပွဲမစမီ အနည်းဆုံး ၁ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည် -

၁၂။ ဂရန်အင်းလေလံ ဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက်လေလံ ဝင်ရောက်ဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ ဆွဲဝယ်သည့် လေလံကြေးငွေများကို တင်ပြမှု မရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း ၃နှစ်အတွင်း ဂရန်အင်းလေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်းလေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက်လေလံ ကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည် -

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ် အင်းခွန်

(ဂ) ဂရန်အင်း၏ ယခင်နှစ်ငါးအထိအမိ အခြေအနေနှင့် ဝင်ငွေရရှိမှု

(ဃ) ဂရန်အင်း ပျက်စီးတိမ်ကောမှုအခြေအနေ

၁၄။ ဂရန်အင်းများလေလံတင် ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှုတွဲ ပုံစံ(၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) နှစ်ရှည် အငှားဂရန်ချထားမည့် အင်းဖြစ်ပါက တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ညွှန်ကြားချက် နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ဂရန်အင်းလေလံတင်ရောင်းချခြင်း မပြုမီ လေလံစည်းကမ်းချက်များ ၊ ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေငြာခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(င) လေလံဆွဲဝယ်ခွင့် ရရှိသူ တစ်ဦးဦးကို သော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကို သော်လည်းကောင်း၊ ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်လျှင်(သို့မဟုတ်) တားမြစ်လျှင် ( ထိုကဲ့သို့ ငြင်းပယ်ခြင်း (သို့မဟုတ်) တားမြစ်ခြင်းပြုသည့် ) ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(စ) လေလံဆွဲဝယ်ခွင့် ရရှိသူများအား ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က သတ်မှတ်ထားသည့် ကြိုတင်ငွေကို ပေးသွင်းပြီးမှသာ လေလံဆွဲဝယ်ခွင့်ပြုခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့် ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်း ဈေးထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးပါက လေလံဆွဲဝယ်ခွင့် ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ ရပ်ဆိုင်းပြီးနောက် နေ့ချင်း ပြန်လည်ကျင်းပခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင်ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်းလေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့် တင်ဒါတင်သွင်းစေပြီး အငှားချထားခြင်း၊

(ဇ) ဂရန်အင်းလေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးထားသူအား အငှားချထားခြင်း၊

(ဈ) လေလံဆွဲဝယ်ခွင့် ရရှိသူအား လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့်အင်းခွန်ငွေများကို အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်အဖြစ် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအား ပေးလျော်စေခြင်း၊

(ည) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့် ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့တွင် ငွေသားဖြင့် သော်လည်းကောင်း မျဉ်းသားချက် လက်မှတ်ဖြင့်သော်လည်းကောင်း

တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံ လေလံတင် ရောင်းချခြင်း၊ လျော့နည်းသော ခြားနားမှုကို ပျက်ကွက်သူမှ ပေးလျော်စေခြင်း၊

(ဃ) လေလံဆွဲဝယ်ရရှိသူက ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ရှေ့သို့ တင်ပြသည့် ငွေများကို သက်ဆိုင်ရာ ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(င) လေလံကြေးငွေများကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အကြောင်းတစ်စုံတစ်ရာကြောင့် လေလံကြေးငွေများကို ဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ခြင်းမရှိပါက လေလံကြေးငွေများကို သေတ္တာထဲတွင် ထည့်၍ လုံခြုံစွာ သော့ခတ် ချိတ်ပိတ်ပြီး ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုး၍ သက်ဆိုင်ရာ ဘဏ် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတွင် အပ်နှံထားပြီး အစောဆုံးဘဏ်ဖွင့်ရက်တွင် ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) လေလံဆွဲဝယ်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်းလေလံတင် ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေး အဖွဲ့ အဖွဲ့ဝင် အားလုံးရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(ဇ) ဂရန်အင်းများလေလံတင်ရောင်းချခြင်းကို ၅ကြိမ်အထိ ဆောင်ရွက်ခြင်း။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင်ရောင်းချခြင်း ပြီးသည့် အခါ ဂရန်အင်း လေလံတင်ရောင်းချခြင်းပြီးစီးကြောင်း တင်ပြစာ ပုံစံ(၅)တွင် ပြည့်စုံ စွာရေးသွင်း၍ ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့၊ အဖွဲ့ဝင်အားလုံး လက်မှတ် ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းများကို၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ အတည်ပြုချက်ရယူ၍ ပူးတွဲရောင်းချနိုင်သည်။

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို (၅)ကြိမ်ထိ လေလံတင်ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေး မမီပါက ကျိုးကြောင်းဖော်ပြလျှက် ဆွဲဝယ်လိုသူ မှ တင်ပြလာသည့် အမြင့်ဆုံးပေးသည့်ဈေးကို ကြမ်းခင်းဈေးအဖြစ် ပြင်ဆင်သတ်မှတ်ရောင်းချခွင့်ပြုရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဃ) အထက်ပိုင်းရှိ အငှားဂရန် ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် ယင်းဂရန်အင်းကို လေလံထပ်မံ မပစ်ပဲ ဂရန်အင်းဆက်စပ်လျက်ရှိသော အောက်ပိုင်းရှိ အငှားဂရန် ရရှိသူအား သတ်မှတ်ဈေးကို ပေးသွင်းစေပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) မိမိ စီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍ မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များချမှတ် ပေးနိုင်ရန် ကျိုးကြောင်းဖော်ပြချက် အထောက်အထားများဖြင့် မိမိ၏ သဘောထားမှတ်ချက်တို့နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၀ အရ ဝန်ကြီး၏အတည်ပြုချက်ရရှိပါက အငှားဂရန်ပုံစံ ၆ ထုတ်ပေးရန် ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၁၅(ဃ)အရ တင်ပြလာသည့် သတ်မှတ်ကြမ်းခင်းဈေး မပြည့်မီသည့် အင်းများကို ဆွဲဝယ်လိုသူက အမြင့်ဆုံးပေးထားသည့် အင်းခွန်ငွေကို နောက်ဆုံးအကြိမ်လေလံ ကြော်ငြာစာတွင် ထည့်သွင်းဖော်ပြရောင်းချရန်အတွက် ဝန်ကြီး၏အတည်ပြုချက်ရယူ၍ ညွှန်ကြားရမည်။

(ဂ) နည်းဥပဒေ ၁၅(င)အရ တင်ပြလာပါက ဝန်ကြီး၏အတည်ပြုချက်ရယူ၍ ဂရန်အင်းပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပေးရမည်။

## အခန်း(၄)

## နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ (က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည် အငှားဂရန်အဖြစ် သတ်မှတ်သင့်သည်ဟု သဘောရရှိလျှင်ဖြစ်စေ၊ အငှားဂရန် ရရှိသူက မိမိဂရန်အင်းကို နှစ်ရှည် အငှားဂရန် လျှောက်ထားလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာဂရန်အင်းကို ကွင်းဆင်းစစ်ဆေးပြီးကျိုးကြောင်းဖော်ပြလျက် ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ်ခွဲ (က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုအတွက် နှစ်ရှည်အငှားဂရန် လျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည် -

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း ၊

(ခ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

(ဂ) တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(ဃ) အင်း၏ဂေဟ စနစ်များမပျက်စီးစေပဲ ထိန်းသိမ်းရန် လိုအပ်ခြင်း၊

(င) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေခြင်း၊

၁၉။ (က) ဝန်ကြီးသည် နည်းဥပဒေ ၁၈ အရတင်ပြလာသည့် နှစ်ရှည်အငှားဂရန်ကိုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံအကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၉ အပိုဒ်ခွဲ(က)အရ ခွင့်ပြုချက်ရရှိပါက သတ်မှတ်ချက်များနှင့်အညီ အငှားဂရန် ပုံစံ ၆ ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်ပါက နှစ်ရှည်အငှားဂရန် ချထားမည်ဟု သတ်မှတ် ကြေငြာ၍ ဈေးပြိုင်စနစ်ဖြင့် နှစ်ရှည်အငှားဂရန်ချထားရန် ဝန်ကြီးထံ တင်ပြ ဆောင်ရွက်နိုင်သည်။

၂၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့်အခါ အောက်ပါအချက်များကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်-

(က) အငှားဂရန်ချထားသည့်ကာလ၊

(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့် လုပ်ငန်း ပမာဏ ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန် ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်းတန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) နှစ်ရှည်အငှားဂရန်အင်းများ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း နှင့် နှစ်ရှည်အငှားဂရန်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

## အခန်း(၅)

## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် -

(က) တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားမည့်အစီအစဉ်ကို ဝန်ကြီးသို့တင်ပြအတည်ပြုချက် ရယူရမည်။

(ခ) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင်ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဖွဲ့စည်း၍ တာဝန်ပေးအပ် ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက်တည်ရှိရာ မြို့နယ်၏
မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး

(၃) တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်
ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၃ ဦး အဖွဲ့ဝင်

(ဂ) အပိုဒ်ခွဲ(ခ)အရဖွဲ့စည်းသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၂။ တင်ဒါငါးဖမ်းကွက်များလိုင်စင်ချထားခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသောမြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ၁နှစ်ကာလအတွက် လိုင်စင်ချထားနိုင်ရန် ရောင်းချမည့်စာရင်း၊ ရောင်းချမည့်နေ့ရက် အချိန်နှင့်နေရာတို့ကို ခရိုင်ဦးစီးဌာနမှူးထံတင်ပြ အတည်ပြုချက်ရယူရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ(၇)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ် တည်ရှိရာဒေသတွင် တင်ဒါငါးဖမ်းကွက်ဧရိယာသတ်မှတ်ချက်ကို ကန့်ကွက်ရန်ရှိ မရှိ တင်ဒါကြော်ငြာသည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင် ကြေညာရမည်။

(ဃ) အပိုဒ်ခွဲ(ဂ)အရ ကန့်ကွက်ချက်များရရှိလျှင် ကန့်ကွက်ချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရ၍ အဆုံးအဖြတ် ရယူရမည်။

(င) အပိုဒ်ခွဲ(ဃ)အရ ခရိုင်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ရရှိပါက တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါလိုင်စင်ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ဒါကြော်ငြာ ပုံစံ (၇ )ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(စ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တင်ဒါငါးဖမ်းကွက်ကို ထပ်မံရောင်းချရန် လိုအပ်ပါက တင်ဒါငါးဖမ်းကွက် ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၁၀ရက်ကြိုတင်၍ ကြော်ငြာပုံစံ (၇)ဖြင့် မြို့နယ်အတွင်း ကြော်ငြာရမည်။

(၁) တင်ဒါဆွဲဝယ်မည့်သူမရှိခြင်း၊

(၂) ကြမ်းခင်းဈေးမပြည့်မီခြင်း၊

(၃) နိုင်ငံတော်၏ အကျိုးအတွက်ဖြစ်ခြင်း။

၂၃။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် ကြော်ငြာတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာပုံစံ (၈)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည် လျှောက်လွှာပုံစံ(၈) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်-

(က) အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူမဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ရေချိုငါးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံသူ မဟုတ်ခြင်း၊

(ဂ) ဆွဲဝယ်သည့်တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်အင်းခွန်ဈေးနှုန်းကိုဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးဖြစ်ခြင်း၊

၂၅။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို အပိုဒ် ၂၄ အရ စိစစ်ပြီး ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။ အပိုဒ် ၂၄ပါအချက်များနှင့် မညီညွတ်ပါက လျှောက်လွှာကိုငြင်းပယ်ပြီး ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များကိုသက်ဆိုင်ရာ တင်ဒါအမှုတွဲတွင် ရေးသွင်းထားရမည်။

၂၆။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၂၅ အရ တင်ပြလာသော လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ပုံစံ(၉) ထုတ်ပေးရန် မြို့နယ်

ဦးစီးဌာနမှူးထံအကြောင်းကြားရမည်။ မညီညွတ်သောလျှောက်လွှာများကို မြို့နယ်ဦးစီးမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ တင်ဒါဆွဲဝယ်ခွင့် လက်မှတ် ပုံစံ(၉)ကို တင်ဒါရောင်းချပွဲမစမီ အနည်းဆုံး ၁ ရက် ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၈။ တင်ဒါ ဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် ဆွဲဝယ်ခွင့်ရှိသည်။

(ခ) မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် ဝင်ရောက်ဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ ဆွဲဝယ်သည့် ငွေကြေးကိုတင်ပြမှု မရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှ တစ်ဆက်တည်း ၃နှစ်အတွင်း တင်ဒါငါးဖမ်းကွက် ဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၂၉။ တင်ဒါငါးဖမ်းကွက်များ လိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါငါးဖမ်းကွက်များ ရောင်းချခြင်း မပြုမီ အောက်ပါအချက်များအပေါ်အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်။

(က) တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော (၅)နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ် တင်ဒါခွန်၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်ငါးအထိအမိ အခြေအနေနှင့် ဝင်ငွေရရှိမှု၊

(ဃ) တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောမှုအခြေအနေ၊

၃၀။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်း ထည့်သွင်းပြီး

တင်ဒါလိုင်စင်ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်ခေါ်သည့် အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ထံ ကိုယ်တိုင်တင်သွင်းရမည်။

၃၁။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲ ပုံစံ(၁၀)ဖွင့်လှစ်ထားခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် စည်းကမ်းသတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းကြရန်ခေါ်ယူခြင်း၊ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ထုတ်ယူထားသူဦးရေနှင့် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(င) အိတ်ဖွင့် တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို တင်ဒါလိုင်စင်ချထားရေးအဖွဲ့ ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(စ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ အကြောင်းပြချက်မပေးဘဲ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းသူများအမည်နှင့် ပေးထားသည့်ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဇ) တင်ဒါကြမ်းခင်းဈေးနှုန်း မမီပါက တင်ဒါဆွဲဝယ်ရရှိသူအားလုံးကို ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် ယင်းနေ့တွင်ပင် အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးနှုန်းထက် ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအားတင်ဒါလိုင်စင်ချထားခြင်း၊

(ည) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့်တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ နေ့ချင်းပြီး ပေးသွင်းနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(ဋ) တင်ဒါကြေးကို ဘဏ်သို့နေ့ချင်းပြီးပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် တင်ဒါကြေးကို ဘဏ်သို့ နေ့ချင်းပြီးပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါကြေးကို သေတ္တာထဲတွင် ထည့်၍ လုံခြုံစွာသော့ခတ်ချိတ်ပိတ်ပြီး တင်ဒါလိုင်စင်ချထားရေးအဖွဲ့အဖွဲ့ဝင်အားလုံးမှ လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာဘဏ်သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတွင်အပ်နှံထားပြီး၊ အစောဆုံးဘဏ်ဖွင့်ရက်တွင်ဘဏ်သို့ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ အိတ်ဖွင့်တင်ဒါတင်သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ်ထိ ထပ်မံတူညီနေပါက ဈေးပြိုင်စနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့်တင်ဒါဈေးနှုန်းကို ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံးလက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဈေးနှုန်းမမီသည့်တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်းရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီးအမှုတွဲတွင် တွဲထားခြင်း။

၃၂။ (က) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်း ပြီးသည့်အခါ တင်ဒါလိုင်စင်ချထားခြင်း ပြီးစီးကြောင်း တင်ပြစာပုံစံ(၁၁)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ဒါခွန်/ငါးဖမ်းကိရိယာလိုင်စင်ခများကို သက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် အပြေအကျေပေးသွင်းစေပြီး တင်ဒါလိုင်စင်ပုံစံ(၁၂)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

၃၃။ (က) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်းဈေးနှုန်းမမီပါက ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီး ဌာနမှူးထံတင်ပြပြီး၊ ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို ထပ်မံ တင်ဒါခေါ်ယူ၍ တင်ဒါလိုင်စင်ချထားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက်များမှချမှတ်နိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၃၃ (က)(ခ)ပါ ခရိုင်ဦးစီးဌာနမှူး၏ တင်ပြချက်များအား နည်းဥပဒေ ၁၆ ပါ အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၆)

## ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၄။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို

အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား နှစ်စဉ်တော်သလင်းလဆန်း(၁)ရက်နေ့ စတင်လိုင်စင် ထုတ်ပေးရမည်။

၃၅။ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင်ရရှိရန် ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ ပုံစံ(၁၃) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက် ထား ရမည်။

၃၆။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူများ၏ စာရင်းကို ပုံစံ(၁၄)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင်ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက်လုပ်ကိုင်လိုသူများပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစားအတိုင်းအတာမှန် မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ(၁၄) စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ငါးဖမ်းကိရိယာလိုင်စင် ပုံစံ(၁၅)ကို ထုတ်ပေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများအမည်စာရင်းကို ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်းပုံစံ(၁၆)ဖြင့် လစဉ်ပြုစု၍ တိုင်းဒေသကြီး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၃၈။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) အပိုဒ် ၃၇ အပိုဒ်ခွဲ (က)အရ ငါးဖမ်းကိရိယာလိုင်စင်ခ ကောက်ခံရာတွင် -

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားနှင့်အကျုံး မဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲ အသုံးပြုနိုင်ပါက အမြင့်ဆုံးပေး ဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာလိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

(ဂ) ဦးစီးဌာန၏(၁၉.၅.၂၀၀၃)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၄/၂၀၀၃)ဖြင့် သတ်မှတ် ပေးထားသော အခွန်လွတ်ငါးဖမ်းကိရိယာများကို လိုင်စင်ရယူခြင်းမှ ကင်းလွတ် ခွင့်ပြုရမည်။

၃၉။ (က) ဦးစီးဌာနသည် ၁၀ဝိ/- ၊ ၂၀ဝိ/- ၊ ၅၀ဝိ/- ၊ ၁၀၀ဝိ/- စသည့် တန်ဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ငါးဖမ်းကိရိယာလိုင်စင်ပုံစံ(၁၅)ကိုအသုံးပြုရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးမှ တင်ပြတောင်းခံလာသည့် ပုံစံ (၁၅) ကိုထုတ်ပေးရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို အပိုဒ် ၃၉(က)တွင်ပါရှိသည့် လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံလောက်လျှင် ယင်းလိုင်စင်ခတန်ဖိုးငွေ ပြည့်မီ အောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင်ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာ အမျိုးအစားကို အသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခကို ထပ်မံကောက်ခံရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းများကို ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်ပုံစံ(၁၇)ဖြင့် စနစ်တကျထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးသည့်အခါ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်ပုံစံ(၁၈)တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်းပုံစံ(၁၉)ကို ပြုစု၍ တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ်ထားရမည်။

၄၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ်ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင်ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီမှန်ကန်မှု ရှိ မရှိစစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးများမှ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီမှန်ကန်မှု ရှိ မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ မရှိ တိုင်းဒေသကြီးရုံးရှိ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြထားသည့်ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစားအလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ပေး

သွင်းပြီးသည့်ငွေကိုလည်းကောင်း တိုင်းဒေသကြီးရုံးရှိ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး ရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထားရမည်။

(င) အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ(ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၇)

## ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ်များလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄၃။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် လျှောက်ထားလာပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်

(၁) လျှောက်ထားသည့်လုပ်ငန်းတည်ရှိရာသို့ ကွင်းဆင်းစစ်ဆေးခြင်း

(၂) လုပ်ငန်းလုပ်ကိုင်မည့်နေရာကိုညှိနှိုင်းသတ်မှတ်ပေးခြင်း

(၃) သတ်မှတ်အခွန်အခ ပေးသွင်းစေခြင်း

(၄) လိုင်စင်ထုတ်ယူရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း

(၅) လိုင်စင်ပါစည်းကမ်းချက်များအတိုင်း လုပ်ငန်းလုပ်ကိုင်သူမှ လိုက်နာဆောင်ရွက်ရန်ကြီးကြပ်ခြင်း

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၄၃ အပိုဒ်ခွဲ(က)အရ တင်ပြလာသော ကိစ္စရပ်များကို စိစစ်၍

(၁) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ဖြစ်ပါကပုံစံ( ၂၀ )ဖြင့် ထုတ်ပေးရမည်။

(၂) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ဖြစ်ပါက ပုံစံ( ၂၁ )ဖြင့် ထုတ်ပေးရမည်။

၄၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေလုပ်သားမှတ်ပုံတင်ကတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သတ်မှတ်ပုံစံ(၂၂)ဖြင့် လျှောက်ထားလာသော လျှောက်လွှာများကို စိစစ်လက်ခံခြင်း၊

(၂) ရေလုပ်သားကတ်အတွက် သတ်မှတ်အခွန်အခများ ပေးသွင်းစေခြင်း၊

(၃) ရေလုပ်သားမှတ်ပုံတင်ကတ်ကို ပုံစံ(၂၃)ဖြင့်ထုတ်ပေးခြင်း၊

(၄) ရေလုပ်သားမှတ်ပုံတင်စာရင်းကို ပြုစုရေးဆွဲထားရှိပြီးလချုပ်များကို တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနမှူးထံတင်ပြခြင်း၊

## အခန်း(၈)

## အခွန်အခပေးဆောင်ခြင်း

၄၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) အောက်ဖော်ပြပါ ငါးလုပ်ငန်းဆိုင်ရာ အခွန်အခများကို ဝန်ကြီးအတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်

(၁)လိုင်စင်ခ

(၂)မှတ်ပုံတင်ကြေး

(၃)ဒဏ်ကြေး

(၄)ရက်လွန်ကြေး

(၅)အခြားပေးဆောင်ရန်ရှိသော အခွန်အခ

(ခ) နှစ်ရှည်အငှားဂရန်အင်း၊ သီးသန့်အင်းများအတွက် ဦးစီးဌာနက သတ်မှတ်ထားသော နေ့ရက်အတွင်း အခွန်ပေးသွင်းရန် ပျက်ကွက်ပါက (၁)ရက်ပျက်ကွက်ခြင်းအတွက် အခွန်ငွေ၏ (၁%)ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း(၉)

## နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၆။ ဥပဒေပုဒ်မ(၁၉)အရ ဂရန်အင်း(သို့မဟုတ်) တင်ဒါငါးဖမ်းကွက်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာပုံစံ (၂၄)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၄၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ ၄၆ အရ လျှောက်လွှာလက်ခံရရှိပါက စိစစ်ပြီးခွင့်ပြုသင့်သည်ဟုယူဆလျှင် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ပေးဆောင်စေသင့်သည့် နိုင်ငံခြားငွေ အမျိုးအစားဈေးနှုန်းတို့ကို ဖော်ပြပြီး ဝန်ကြီးထံတင်ပြရမည်။

၄၈။ ဝန်ကြီးသည် နည်းဥပဒေ ၄၇ အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၉။ ဝန်ကြီးက နည်းဥပဒေ ၄၇ အရ လျှောက်ထားလာသည့် လျှောက်လွှာနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုလျှင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အင်းခွန် (သို့မဟုတ်) တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ပေးရမည်-

(က) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅နှစ် ပျမ်းမျှဈေးနှုန်း

(ခ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ်စျေးနှုန်း

(ဂ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ငါးအထိအမိ အခြေအနေ၊ ဝင်ငွေရရှိမှု

(ဃ) လျှောက်ထားသည့်ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်ဆီးတိမ်ကောမှု အခြေအနေ

၅၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ ၄၉ အရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အတွက် သတ်မှတ်ထားသောအင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့်လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား ညွှန်ကြားရမည်။

(ခ) ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူထံမှ အင်းခွန် သို့မဟုတ် လိုင်စင်ခ လက်ခံရရှိလျှင် သက်ဆိုင်ရာ အငှားဂရန် ပုံစံ(၆) သို့မဟုတ် တင်ဒါလိုင်စင်ပုံစံ (၁၂)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

## အခန်း(၁၀)

## မိတ္တူလျှောက်ထားခြင်း

၅၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့်နေ့မှရက်ပေါင်း ၃၀ တွင်း မိတ္တူရရှိရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၂။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အပိုဒ် ၅၁ အရ လျှောက်လွှာလက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါက အငှားဂရန်အတွက် ဒဏ်ကြေးငွေ ၅၀၀၀ ကျပ်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်အတွက် ဒဏ်ကြေးငွေ

အတွက် ဒဏ်ကြေးငွေ ၅၀၀ ကျပ်ကိုလည်းကောင်းပေးသွင်းစေ၍ သက်ဆိုင်ရာ မိတ္တူကို ထုတ်ပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က) အရ သက်ဆိုင်ရာမိတ္တူရရှိပြီးနောက် မိမိပျောက်ဆုံးသည့်မူရင်းပြန်လည်တွေ့ရှိလျှင် မူရင်းကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

## အခန်း(၁၁)

## အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၃။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန်ကို မသမာသောနည်းဖြင့်လည်းကောင်း၊ တရားမဝင်သောနည်းဖြင့်လည်းကောင်းလေလံဆွဲဝယ်ခြင်းမပြုရ၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်၊ ဂရန်အင်းနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုးမပြည့်မီပါက ပေးလျော်ရန် တာဝန်ရှိခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့်ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အားလုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံခြင်း၊

(ဃ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်၊ ဘဝန်းနှင့် ခွင့်ပြုငါးဖမ်းကိရိယာများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည်၊ ဘဝန်းနှင့် ခွင့်ပြုငါးဖမ်းကိရိယာများ တော်သလင်း လဆန်း ၁ ရက်နေ့မတိုင်မီချထားခြင်းမပြုရ။ သို့ရာတွင် ဖော်ပြပါဆည်များကို တန်ခူးလဆန်း ၁ရက်နေ့တွင် ကုန်စင်အောင်ဖယ်ရှားထားခြင်း၊

(စ) တောချဆည်၊ မြင်းဝန်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အဝချုပ်ဆည် ၊ ပုစွန်ဖောင် ဖြင့် လုပ်ကိုင်ရာတွင် ချောင်း၊ မြောင်းများ၌ လှေသွားလာနိုင်ရန် လမ်းထားရှိခြင်း၊

(ဆ) တောချဆည်၊ မြင်းဝန်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည့် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါက အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက မေတ္တာရပ်ခံလာလျှင် အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဆည်များ တားဆီး၍ ပိတ်ထားပေးခြင်း၊

(ဇ) အထက်ပိုင်းရှိ ဂရန်အင်းနှင့်အောက်ပိုင်းရှိဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့လာသောငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို အသုံးပြုခွင့်မရှိစေရ၊

(ဈ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်တို့ကို ရှင်းလင်းဖယ်ရှားရာတွင်နတ်တော်လပြည့်နေ့မတိုင်မီ ရေကြောင်းလမ်းမှ မျှောချရှင်းလင်းခြင်း၊ ကြွင်းကျန်ရှိနေသည့် ဒိုက်၊ မှော်တို့ကို ပြာသိုလပြည့်နေ့မတိုင်မီ ကမ်းပေါ်ဆွဲတင်၍ အနီးနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ တပို့တွဲလပြည့်နေ့မတိုင်မီ အကုန်အစင်ဖျက်ဆီးဖယ်ရှားခြင်း၊

(ည) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် တန်ခူး လဆန်း ၁ရက်နေ့နောက်ဆုံးထား၍အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်း လင်းခြင်း၊

(ဋ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း မည်သူမဆို ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(ဌ) ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အောက်ဖော်ပြပါ ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍ ငါးဖမ်းခြင်းမပြုရ-

(၁) လက်ဆည်နှင့် ကတက်တုံးများ အပါအဝင်ဖြစ်သော ဆည်တမံတာရိုးအမျိုးမျိုး၊ ဂှင်းပြင် မြင်းဝန်းဆည် သို့မဟုတ် အခြားဆည်များ၊ အောက်ခြေတွင် မြေ၊ ဖျာရိုင်များ၊ ပလပ်စတစ်မိုးကာ သို့မဟုတ် အခြားကိရိယာများနှင့်ဖြစ်စေ ပြုလုပ်ထားသော တမံများ၊

(၂) ထူးများ၊ တုတ်များဖြင့် ရေထုတ်ခြင်းမှတစ်ပါး အခြားနည်းဖြင့် ရေထုတ်ခြင်း၊

(၃) ငါးများခိုအောင်းနေစေရန် ဒိုက်၊ မှော်၊ ချုံ၊ သစ်ကိုင်း၊ ဂတုံး၊ တောင်းကဲ့သို့ အလားတူအရာများချထားခြင်း၊

(၄) ပိုက်ကွက်ကြိုးတစ်လျှောက်တိုင်းတာလျှင် အထုံးတစ်ခုနှင့် တစ်ခုအကြား ၃/၄လက်မအောက် လျော့သည့်ပိုက်များ၊

(၅) ငါးကြီးတွင်းများ

(၆) ဝှန်နီ၊ ပိတ်စ၊ ပလစ်စတစ် သို့မဟုတ် နိုင်လွန်ရက်ထည်စသည်တို့ဖြင့် ရေလမ်းကြောင်းပိတ်၍ ဖမ်းဆီးခြင်း၊

(၇) လျှပ်စစ်ဓါတ်ဖြင့် ငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း

(၈) အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းအသုံးပြု၍ ငါးဖမ်းခြင်း။

(ဍ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၅၄။ အငှားဂရန်ရရှိသူ၏ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးသို့ဖြစ်စေ၊ အများသို့ဖြစ်စေ ငါးဖမ်းဆီးခွင့်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်းထပ်ဆင့်အငှားချထားခြင်း၊

(ခ) အငှားဂရန်ရရှိသူကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့်အမွေစား အမွေခံ သို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ ခရိုင်ဦးစီးဌာနမှူးကစိစစ်ပြီး တိုင်းဒေသကြီးဦးစီးဌာနမှူး၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) တောချဆည်ဖြစ်ပါက လိုအပ်သောအရပ်၌ ချထားနိုင်ခြင်း၊ အကယ်ဆည်ဖြစ်ပါက အင်းနယ်နိမိတ်အတွင်း ဓလေ့ထုံးစံအတိုင်းချထားခွင့်ရှိခြင်း၊ မြင်းဝန်းဆည်ဖြစ်ပါက ခွင့်ပြုချက်နှင့်အညီ ချထားခြင်း၊

(ဃ) အထက်ဆည်နှင့်အောက်ဆည် ရေစီးရေလာဆက်စပ်နေပါက အထက်ဆည်၏ အင်းနယ်နမိတ်အတွင်းရှိ အောက်ဆုံးဆည် ခြေရင်းရေပြင်ကို အောက်ဆည်အငှားဂရန်ရရှိသူက ပိုင်ဆိုင်ခွင့်ရှိခြင်း၊

(င) တောချဆည်နှင့်မြင်းဝန်းဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက အပိုဒ် ၅၃ (ဆ) နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊

(စ) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကိုအသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါက ဂရန်အင်းနှစ်ခုအကြားအမြဲတမ်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများချထားခွင့်မရှိခြင်း၊

(ဆ) ဂရန်အင်းများတွင် သတ်မှတ်ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြင့်သာ လုပ်ကိုင်ခွင့်ရှိခြင်း။

(ဇ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ဤလုပ်ထုံးလုပ်နည်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန်အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊

(ဈ) ဂရန်အင်းများအတွင်း အင်းစည်းကမ်းတွင် သီးခြားသတ်မှတ်ပေးထားခြင်းမရှိ သော်လည်း ၃နှစ်ဆက်တိုက်အသုံးပြုခဲ့သော ငါးဖမ်းကိရိယာသည် ကန့်ကွက်ဟန့်တား

ခဲ့ခြင်းမရှိဘဲ တရားဝင်ငါးဖမ်းကိရိယာအမျိုးအစားဖြစ်ပါက အင်းအတွင်းဆက်လက် လုပ်ကိုင်ခွင့်ရှိခြင်း။

(ည) ဂရန်အင်း စည်းကမ်းချက်ပါ ငါးဖမ်းရက်ထက် ကျော်လွန်ငါးဖမ်းလုပ်ကိုင်ရန် လျှောက်ထားလိုပါက ကျိုးကြောင်းခိုင်လုံစွာဖြင့် သတ်မှတ်ကာလမကုန်ဆုံးမီ (၃၀) ရက်ကြိုတင်၍ မြို့နယ်/ ခရိုင် ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားလုပ်ကိုင်ခွင့်ရှိခြင်း။

(ဋ) အင်းဂရန် စည်းကမ်းချက်ပါ ဆည်၊ ငါးဖမ်းကိရိယာများ ရွှေ့ပြောင်းတည်ဆောက် လိုပါက ငါးဖမ်းခွင့်ပြုရက် မတိုင်မီ(၃၀)ရက် ကြိုတင်၍ မြို့နယ်/ခရိုင်ဦးစီးမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံသို့ တင်ပြလုပ်ကိုင်ခွင့်ရှိခြင်း

(ဌ) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရ လျှင် မိမိပေးသွင်းထားသည့် အင်းခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း။

## အခန်း(၁၂)

## တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၅။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါလိုင်စင်ရရှိသူသည် ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် အခြားသူအား လုပ်ကိုင်ခွင့်ပြု ပါက ၎င်းတို့၏ဆောင်ရွက်ချက်ကို မိမိကိုယ်တိုင်ဆောင်ရွက်သကဲ့သို့ တာဝန်ခံရမည်။

(ခ) အခိုင်အမာ အတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားခြင်း၊

(ဂ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများမျှောချမှုနှင့် ရေယာဉ်များသွားလာမှု ကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင်

မြင်သာသောအမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကို အချက်ပြထားခြင်း၊

(ဃ) ဘုန်းကြီးကျောင်း ပရဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်းကို ရှောင်ရှားခြင်း၊

(င) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုလိုက်နာခြင်း၊

၅၆။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏အကျိုးငှာလိုအပ်၍ တင်ဒါလိုင်စင် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသော တင်ဒါကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ရရှိသူ ကွယ်လွန်ပါက ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်မည့် အမွေစားအမွေခံသို့မဟုတ် အမွေစားအမွေခံတို့၏ သဘောတူညီချက်ကို ရရှိသူက ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတဆင့် ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ အကယ်၍ တစ်ဦးထက်ပို၍ လျှောက်ထားလာလျှင် ခရိုင်ဦးစီးဌာနမှူးက စီစစ်ပြီး ၎င်း၏ခွင့်ပြုချက်နှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့်ရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း ခွင့်ပြုထားသည့်ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) တင်ဒါစည်းကမ်းချက်ပါ ဆည်၊ ငါးဖမ်းကိရိယာများ ရွှေ့ပြောင်းတည်ဆောက် လိုပါက ငါးဖမ်းခွင့်ပြုရက် မတိုင်မီ(၃၀)ရက် ကြိုတင်၍ မြို့နယ်၊ခရိုင်ဦးစီးဌာနမှူးမှတဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံသို့ တင်ပြလုပ်ကိုင်ခွင့်ရှိခြင်း၊

## အခန်း(၁၃)

## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ပိုင်ခွင့်များ

၅၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင်ခွင့်ပြုထားသည့်ကာလအတွင်း သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း( ၁၄ )

## တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)အရ-

(က) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပြီးပါက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

၅၇။ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက် မဖြစ်စေရန် ဖယ်ရှားထားခြင်း၊

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်သွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်းထားရှိခြင်း၊ နေ့အချိန်တွင် မြင်သာသော အမှတ်အသားဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း ရေကြောင်းလမ်းကိုအချက်ပြထားရှိခြင်း၊

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင်ခွင့်ပြုထားသည့်ကာလအတွင်း သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိခြင်း၊

(ဃ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို လိုက်နာခြင်း။

## အခန်း( ၁၄ )

## တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ)အရ-

(က) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား အသစ်သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပြီးပါက ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် အချိန်ကာလကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစားအဖြစ်မှပယ်ဖျက်ရာတွင် ပယ်ဖျက်သည့် ဧရိယာကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာအငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်ဖြင့် ထပ်မံအငှားချထားနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

၆၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဥ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း၊

(ဃ) ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပြီးသော ငါးဖမ်းရေယာဥ်၊ ငါးဖမ်းကိရိယာနှင့်အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ခ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဥ်နှင့်ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့

(ခ) ခံဝန်ငွေပေးသွင်းပြီးပါက ငါးဖမ်းရေယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ခွင့်ပြုခြင်း။

၆၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူတစ်ဦးက ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြား သက်သေခံအတွက် ပေးသွင်းရန်ရှိသည့် ဒဏ်ကြေးနှင့် အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက်အတွင်း ပေးဆောင်ရန် ညွှန်ကြားခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့်အခြား သက်သေခံပစ္စည်းများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေပြီး ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဂ) ပေးဆောင်ရန်ရှိသည့် ဒဏ်ကြေးနှင့်အခြားကျသင့်ငွေများကို သတ်မှတ်သည့်ရက် ကျော်လွန်ပြီးမှ ပေးသွင်းပါက ရက်လွန်ကြေးကို ထပ်မံပေးဆောင်စေခြင်း၊

(ဃ) ဒဏ်ကြေးပေးသွင်းခြင်းမပြုသည့်အပြင် အယူခံတက်ရောက်ခြင်းလည်း မရှိပါက သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍လေလံတင်ရောင်းချခြင်း၊ လေလံတင်ရောင်းချရငွေအား ဘဏ်သို့ပေးသွင်းစေခြင်း၊

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြန့်ပွားမှုကို ကာကွယ်တားဆီးရန်နှင့်ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ်ထိန်းသိမ်းရန်ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီး မပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများအရ မိမိအားအပ်နှင်းထားသော ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သတ်မှတ်သည့်လုပ်ပိုင်ခွင့်များကို-

(က) ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးဌာနရှိပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၁၅)

## ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၆၅။ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူသည် နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန်၊ တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သော် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာလျှင်ငါးထုတ်လုပ်မှု နစ်နာသည့်နေ့မှ ရက်ပေါင်း၃၀အတွင်းသော်လည်းကောင်း မိမိ ပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံလျှောက်ထားနိုင်သည်-

(က) နိုင်ငံတော်၏ အကျိုးငှာ လိုအပ်၍ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသည့်ကိစ္စဖြစ်လျှင် ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေတင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့်ထောက်ခံချက်များ။

၆၆။ ခရိုင်ဦးစီးဌာနမှူးသည် အပိုဒ် ၆၅ အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာလက်ခံရရှိပါက အမှုတွဲဖွင့်လှစ်၍ လျှောက်ထားသည့် အချက်များ မှန်ကန်မှု ရှိ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးရမည်။

၆၇။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့်မရှိစေရ-

(က) ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးဖမ်းကိရိယာများရေမျောပါသွားခြင်း၊

(ခ) နုံးမြေများတင်လာ၍ ဂရန်အင်းများပျက်စီးခြင်း၊

(ဂ) ဂရန်အင်းအတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓါတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများဖြင့် အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း။

၆၈။ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် အမှုတွဲကို အောက်ပါအတိုင်း စီစစ်ဆောင်ရွက်ရမည်-

(က) ခရိုင်ဦးစီးဌာနမှူးသည်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်ကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးမှူးသည် မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံတင်ပြရမည်။

၆၉။ ဝန်ကြီးသည် အပိုဒ် ၆၈ အပိုဒ်ခွဲ(ခ) အရ ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲလက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေပြန်လည် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၇၀။ (က) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ ပြန်အမ်းငွေကိစ္စနှင့်ပတ်သက်သည့် ညွှန်ကြားချက်အား ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးရန် သဘောတူညီချက်ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခြင်းဖြစ်လျှင် သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

၇၁။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတဆင့် ဝန်ကြီးထံ တင်ပြရမည်။

၇၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့်ရှိသူများ၏ ပြန်အမ်းငွေထုတ်ပေးပိုင်ခွင့် ငွေပမာဏကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

## အခန်း(၁၆)

## ကြွေးကျန်များကောက်ခံခြင်း

၇၃။ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ အခွန်ကြွေးကျန်နှင့်စပ်လျဉ်း၍ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်နှင့် ဒဏ်ကြေးငွေများကို ဥပဒေပုဒ်မ ၇၁ အရ မြေခွန် မပြေကျန်ငွေ ဖြစ်ဘိ သကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) အပိုဒ်ခွဲ (က)အရ သတ်မှတ်သည့်အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ်မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) အပိုဒ်ခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့် အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်းရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရမည့် အခွန်ငွေထက် ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊

၃၄။ ဦးစီးဌာနမှူးသည် အပိုဒ် ၃၃ အပိုဒ်ခွဲ (က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့်အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့်ပေးအပ်၍ မရပါက ပျက်ကွက်သူ နေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာကပ်ထားခြင်း၊

၇၅။ အကြောင်းကြားစာကို အောက်ပါအချက်များကိုထည့်သွင်းဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့်အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့်နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူထံပေးဆောင်ရမည်။

၇၆။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) အပိုဒ်ခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့်စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည် စသည့်အချက်များနှင့် တကွ လေလံတင်ရောင်းချမည့် နေ့ရက်၊ အချိန်၊နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူမရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်အောက်လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံလေလံတင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှ ရရန်ရှိသော မြေခွန်မပြေကျန်ငွေနှင့် ကုန်ကျစရိတ်ကိုနုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

**ငါးရစ်၊ ငါးသန်ရာသီငါးမဖမ်းဆီးရန် တားမြစ်ကာလများသတ်မှတ်ခြင်း**

၃၃။ တိုင်းရင်းငါးမျိုးစိတ်များထိန်းသိမ်းရန်နှင့် ငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်

(က) မြန်မာပြက္ခဒိန်လများဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်လများကို ငါးရစ်၊ ငါးသန်ငါးမဖမ်းဆီးရ တားမြစ်ကာလများအဖြစ် သတ်မှတ်သည်။ **(မြန်မာပြက္ခဒိန်ဝါထပ်သည့်နှစ်များတွင် နယုန်၊ ပထမဝါဆို၊ ဒုတိယဝါဆိုနှင့် ဝါခေါင်လများကို သတ်မှတ်သည်။)**

(ခ) ရေချိုငါးလုပ်ငန်းရေပြင်များတွင် နှစ်စဉ်တော်သလင်းလဆန်း(၁)ရက်နေ့မှစတင်၍ ငါးဖမ်းဆီးခွင့်ပြုမည်။

**အခန်း( ၁၈ )**

**ရေချိုငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း**

၃၈။ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော အသုံးစရိတ်များကို ပုဒ်မ ၂၄ အရ ကောက်ခံသုံးစွဲရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) နှစ်စဉ် ဆောင်ရွက်မည်ဖြစ်သော သုတေသနလုပ်ငန်းများကို ဝန်ကြီးထံ ကြိုတင်တင်ပြဆောင်ရွက်ခြင်း၊

(ခ) သုတေသနလုပ်ငန်းတွင် သုံးစွဲမည့်ငွေကြေးပမာဏကို ဝန်ကြီးမှ သတ်မှတ်ခွင့်ပြုပေးခြင်း၊

(ဂ) ငွေကြေးသုံးစွဲခြင်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊

(ဃ) သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ အကူအညီတောင်းခံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) သုတေသနလုပ်ငန်းမှရရှိသော အကျိုးရလာဒ်များမှတ်တမ်းများကို ဝန်ကြီးထံ တင်ပြအစီရင်ခံခြင်းနှင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း၊

(စ) ရေရှည်တွင် နိုင်ငံတကာရေချိုငါးလုပ်ငန်း သုတေသနလုပ်ငန်းများနှင့်တပြေးညီ ဆောင်ရွက်နိုင်သည်အထိ ကျိုးပမ်းဆောင်ရွက်ခြင်း၊

## အခန်း( ၁၉ )

## အထွေထွေ

၇၉။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ ၆၉ အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ သဘောထားမှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းမှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၈၀။ ဦးစီးဌာနသည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၈၁။ ဦးစီးဌာနသည် နှစ်စဉ် ငါးလုပ်ငန်းရာသီကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ရက်ပေါင်း ၉၀ အတွင်း ဝန်ကြီးဌာနသို့တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့်ငါးဖမ်းကိရိယာလိုင်စင် အငှားချထားမှုအခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှုအခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊

(ဃ) ဥပဒေအရအရေးယူဆောင်ရွက်မှုအခြေအနေ၊

(င) ဥပဒေအရ အရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်မှုအခြေအနေ၊

(စ) နောက်လာမည့်နှစ် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှုအခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှုအခြေအနေ။

၈၂။ ဦးစီးဌာနသည် ငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူများ ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီ နည်းပညာစာအုပ်စာတမ်းများဖြန့်ဝေခြင်း ဆောင်ရွက်ရမည်။

၈၃။ (က) ဥပဒေပုဒ်မ ၄၀ အရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်လျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာလက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကိုရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည်အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့်နေရာဒေသမှ (၇) ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အပိုဒ်ခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ ၄၄ အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၈၄။ ဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၈၅။ ဦးစီးဌာနသည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင်-

(က) နယ်နိမိတ်သတ်မှတ်ပြီးဖြစ်ပါက ယင်းနယ်နိမိတ်ကို တိကျစွာဖော်ပြရမည်။

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်းဖြစ်ပါက ဥပဒေပုဒ်မ ၇၀ အရ သက်ဆိုင်ရာအစိုးရဌာနနှင့် ညှိနှိုင်း၍ နယ်နိမိတ်ကို သတ်မှတ်ဖော်ပြရမည်။

(ဂ) အပိုဒ်ခွဲ(က) သို့မဟုတ် အပိုဒ်ခွဲ(ခ) အရ သတ်မှတ်ထားခြင်းမရှိလျှင် ယခင်ကလုပ်ကိုင်ခဲ့ပြီး အသိအမှတ်ပြုထားသည့် နယ်နိမိတ်အတိုင်းဖြစ်စေရမည်။

၈၆။ ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

စိုးမင်း

ဝန်ကြီး

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

ပုံစံ(၁)

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

**---------------------မြို့။**

**လေလံကြော်ငြာ**

(နည်းဥပဒေများ၊ နည်းဥပဒေ ၆ (ဂ) )

ရက်စွဲ၊

**အများသိစေရန်ကြော်ငြာလိုက်သည်။**

--------------------------မြို့နယ်များအတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ( )ခုနှစ်၊ ( )ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် ( ၁၃ ခုနှစ်၊ လ ရက် )နေ့နံနက်( ) နာရီအချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီ တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

__လေလံစည်းကမ်းချက်များ__

ပုံစံ(၂)

## ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

## (နည်းဥပဒေများ၊ နည်းဥပဒေ ၇ )

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

--------------------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ။ ဂရန်အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

---------------------ကျေးရွာအုပ်စု

---------------------------မြို့နယ်။

နေ့စွဲ၊

ပုံစံ(၃)

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန**

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

( နည်းဥပဒေများ၊ **နည်းဥပဒေ** ၁၀ )

**အမှတ်စဉ် -** /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ လေလံဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------------------မြို့နယ်

နေစွဲ၊

ပုံစံ(၄)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

( နည်းဥပဒေများ၊ နည်းဥပဒေ ၁၄ (က) )

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်

-------------ခုနှစ်

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည် -

ဂရန်အင်း၏တည်ရှိနေရာ -

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့ -

လေလံတင်ရောင်းချသည့်နေရာ -

**ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့် အင်းခွန်**

| နှစ် | အငှားဂရန်ရရှိသူ | အင်းခွန် |
|---|---|---|

**ယခုနှစ်တွင် ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ**

| စဉ် | လေလံဆွဲဝယ်ခွင့်ရရှိသူအမည် / မှတ်ပုံတင်အမှတ် | ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်း)ဖြင့် | (စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်အင်းခွန်-

အငှားဂရန်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင် ဖော်ပြရန် ) -

အဖွဲ့ဝင်　　　　　　　　ဥက္ကဌ　　　　　　　　အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန
# အငှားဂရန်

( နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ (ခ)၊ ၁၉ (ဂ) )

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ အငှားဂရန်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ နေရပ်လိပ်စာ

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊

၇။ အင်းခွန်ကို အရစ်ဖြင့် သတ်မှတ်ပါက သတ်မှတ်သည့်အရစ်၊
ငွေပမာဏနှင့်ပေးဆောင်ရမည့်နေ့၊

၈။ အင်းခွန်-------------------------ကို----------------------မြို့ မြန်မာ့စီးပွားရေးဘဏ်( )
နေ့စွဲပါချလံအမှတ်( )အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး
တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန
----------------------------မြို့။

ရုံးတံဆိပ်
နေ့စွဲ၊

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

**-----------မြို့**

တင်ဒါကြော်ငြာ

( နည်းဥပဒေများ၊ **နည်းဥပဒေ** ၂၂ (ခ) )

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

**အများသိစေရန်ကြော်ငြာလိုက်သည်။**

----------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များအား ( ၁၉ - ၁၉ )ခုနှစ်၊ (၁၃ )ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနစ်၊ လ ရက် ( ၁၃ ခုနှစ်၊ လ ရက်) နေ့ နံနက်( )နာရီအချိန်တွင် အောက်ဖော်ပြပါ တင်ဒါစည်းကမ်းချက်များနှင့်အညီ တွင်ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

<u>တင်ဒါစည်းကမ်းချက်များ</u>

# တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

## ( နည်းဥပဒေများ၊ နည်းဥပဒေ ၂၃ )

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်ကတင်ဒါရရှိခဲ့လျှင် တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များမှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

---------------------ကျေးရွာအုပ်စု

---------------------------မြို့နယ်။

နေ့စွဲ၊

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန**

တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

( နည်းဥပဒေများ၊ နည်းဥပဒေ ၂၅ (က) )

**အမှတ်စဉ် -** /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး(ဂဏန်းဖြင့်)

(စာဖြင့်)

ဆွဲဝယ်သူအမည် -

ဆွဲဝယ်သူလက်မှတ် -

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ရွေးချယ်ခြင်းမပြုပါ။

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ၊

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ

( နည်းဥပဒေများ၊ နည်းဥပဒေ ၃၁ (က) )

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

**တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်**

------------ခုနှစ်

တင်ဒါငါးဖမ်းကွက်အမည် -

တင်ဒါငါးဖမ်းကွက်တည်ရှိနေရာ -

တင်ဒါငါးဖမ်းကွက်ချသည့်နေ့ -

**ယခင်နှစ်များက တင်ဒါရရှိသူများ၏ အမည်နှင့် တင်ဒါကြေး**

| **နှစ်** | **တင်ဒါလိုင်စင်ရရှိသူ** | **ဒဏ်ကြေး** |
| --- | --- | --- |

**ယခုနှစ်တွင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ**

| **စဉ်** | **တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည် / မှတ်ပုံတင်အမှတ်** | **တင်ဒါကြေး** (ဂဏန်း)ဖြင့် | (စာဖြင့်) |
| --- | --- | --- | --- |

ယခုသတ်မှတ်သည့်တင်ဒါကြေး-

တင်ဒါလိုင်စင်ရရှိသူအမည် -

မှတ်ချက်(ရှိလျှင် ဖော်ပြရန် ) -

အဖွဲ့ဝင် ဥက္ကဌ အဖွဲ့ဝင်

နေ့စွဲ၊

ပုံစံ(၁၂)

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန**

**တင်ဒါလိုင်စင်**

( နည်းဥပဒေများ၊ နည်းဥပဒေ ၃၂ (ခ) )

လိုင်စင်အမှတ်

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ တင်ဒါလိုင်စင်ကို ပူးတွဲပါစည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ နေရပ်လိပ်စာ

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်တင်ဒါငါးဖမ်းကွက်အမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့်အတိုင်းအတာ၊

တင်ဒါကြေးနှင့်လိုင်စင်ခ-------------------------ကို--------------------နေ့စွဲပါချလံအမှတ်( )ဖြင့်

-----------------------------ဘဏ်သို့ ပေးသွင်းပြီးဖြစ်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

---------------------------မြို့။

ရုံးတံဆိပ်

# ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

## ( နည်းဥပဒေများ၊ နည်းဥပဒေ ၃၅ )

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------------------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ၊

| ငါးဖမ်းကိရိယာအမည် | အတိုင်းအတာ | အရေအတွက် |
|---|---|---|
| | (က) အလျား | |
| | (ခ) အနံ | |
| | (ဂ) စောက် | |
| | (ဃ) ထိပ်ဝ | |
| | (င) အခြား | |

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူလက်မှတ်

ပုံစံ(၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**ငါးဖမ်းကိရိယာလိုင်စင်**

**( နည်းဥပဒေများ၊ နည်းဥပဒေ ၃၇ (က) )**

(လိုင်စင်တန်ဖိုးသည်                    ကျပ်ဖြစ်သည်။)

ို့နယ်-                    ခုနှစ်၊                    အမှတ်စဥ်
ိုင်စင်ရရှိသူအမည်              -
ိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/   -
မျိုးသားမှတ်ပုံတင်အမှတ်၊
နေရပ်လိပ်စာ              -
ရိယာရုံးသုံးအမည်              -
ဒေသအခေါ်အဝေါ်
ရိယာအတိုင်းအတာ              -
နေရာ              -
ထူးကန့်သတ်ချက်များ              -
**တ်ချက်** - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/အထက်ဖော်ပြပါ
ရိယာများလုပ်ကိုင်သည့်လှေတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည်                    နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ(၁၅ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

**ငါးဖမ်းကိရိယာလိုင်စင်**

**( နည်းဥပဒေများ၊ နည်းဥပဒေ ၃၇ (က) )**

(လိုင်စင်တန်ဖိုးသည်                    ကျပ်ဖြစ်သည်။)

မြို့နယ်-                    ခုနှစ်၊                    အမှတ်စဥ်
လိုင်စင်ရရှိသူအမည်              -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/   -
အမျိုးသားမှတ်ပုံတင်အမှတ်၊
နေရပ်လိပ်စာ              -
ကိရိယာရုံးသုံးအမည်              -
ဒေသအခေါ်အဝေါ်
ကိရိယာအတိုင်းအတာ              -
နေရာ              -
အထူးကန့်သတ်ချက်များ              -
**မှတ်ချက်** - ဤလိုင်စင်သည် အထက်ဖော်ပြပါကိရိယာ/အထက်ဖော်ပြပါ
ကိရိယာများလုပ်ကိုင်သည့်လှေတစ်စင်းအတွက် လိုင်စင်ဖြစ်သည်။
ဤလိုင်စင်သည်                    နေ့တွင် သက်တမ်းကုန်ဆုံးသည်။

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ ( ၂၀ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်အမှတ် - ---------------------

## ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ ပူးတွဲပါစည်းကမ်းချက်များနှင့်အညီ ဤလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၁။ (က) လုပ်ငန်းရှင်အမည် ----------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------------------------

(ဂ) နေရပ်လိပ်စာ ----------------------------------------

----------------------------------------

၂။ (က) ရောင်းဝယ်စုဆောင်းခွင့်ပြုသည့်

ဒေသ ----------------------------------------

(ခ) ဝယ်ယူစုဆောင်းခွင့်ပြုသည့်

ရေထွက်ပစ္စည်းအမျိုးအမည်----------------------------------------

(ဂ) ပမာဏ ----------------------------------------

၃။ ဤလိုင်စင်သက်တမ်းမှာ ၂၀ ခုနှစ်၊ ----------------------------------------နေ့မှ စတင်၍

၂၀ ခုနှစ်၊ ----------------------------------------နေ့တွင် သက်တမ်းကုန်ဆုံးမည်။

လိုင်စင်ထုတ်ပေးသည့်နေ့စွဲ---------------------- တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ပုံစံ( ၂၁ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်အမှတ် ---------------------

## ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ခွင့်လိုင်စင်

## (အငယ်စား/အလတ်စား လုပ်ငန်းလိုင်စင်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေကြီးဦးစီးဌာနမှူးသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၁၁ အရ ပူးတွဲပါစည်းကမ်းချက်များနှင့်အညီ ဤလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၁။ (က) လုပ်ငန်းရှင်အမည် ---------------------------------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်---------------------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်---------------------------------------------------------------

(ဂ) လုပ်ငန်းတည်နေရာ---------------------------------------------------------------

---------------------------------------------------------------

၂။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး(ကျပ်) ---------------------------------------------------------------

၃။ အလုပ်သမားဦးရေ ---------------------------------------------------------------

၄။ အလုပ်ရုံ၏ တစ်နှစ်အတွင်း ကုန်ချောထုတ်လုပ်မှု ( မက်ထရစ်တန် ) ---------------------------

ငါး------------------------------ပုစွန် ------------------------------အခြား---------------

၅။ ဤလိုင်စင်သက်တမ်းမှာ ၂၀ ခုနှစ်၊ ------------------------------နေ့မှ စတင်၍

၂၀ ခုနှစ်၊ ------------------------------နေ့တွင် သက်တမ်းကုန်ဆုံးမည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ထုတ်ပေးသည့်နေ့စွဲ---------------------

ပုံစံ( ၂၂ )

# ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

## ရေလုပ်သားမှတ်ပုံတင်ကတ်ပြား

## လျှောက်ထားသည့်ပုံစံ

ရေလုပ်သားမှတ်ပုံတင်အမှတ် - ------------------------------------------------

အမည် - ------------------------------------------------

အဘအမည် - ------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ် - ------------------------------------------------

မွေးသက္ကရာဇ် - ------------------------------------------------

ထင်ရှားသည့်အမှတ်အသား - ------------------------------------------------

နေရပ်လိပ်စာ - ------------------------------------------------

- ------------------------------------------------

လုပ်ငန်းအမျိုးအစား/တာဝန် - ------------------------------------------------

လုပ်ငန်းတည်နေရာ - ------------------------------------------------

ကမ်းနီး/ကမ်းဝေး - ------------------------------------------------

အချိန်ပိုင်း/အချိန်ပြည့် - ------------------------------------------------

မှီခိုသူဦးရေ - ------------------------------------------------

ပညာအရည်အချင်း - ------------------------------------------------

ဘွဲ့ရ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ အရေးအဖတ်) ------------------------------------

ထိုးမြဲလက်မှတ် - ------------------------------------------------

လက်ဝဲလက်မ

ပုံစံ( ၂၃ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
**ရေလုပ်သားမှတ်ပုံတင်ကတ်**

အမှတ်စဉ်---------

မည် - ----------------------------
ဘအမည် - ----------------------------
င်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ----------------------------
းသက္ကရာဇ် - ----------------------------
င်ရှားသည့်အမှတ်အသား - ----------------------------
ရပ်လိပ်စာ - ----------------------------
- ----------------------------
ပ်ငန်းအမျိုးအစား - ----------------------------
က်ပုံတင်ခွင့်ပြုကာလ - ----------------------------
တ်ပေးသည့်ရက်စွဲ - ----------------------------
ထူးကန့်သတ်ချက်များ - ----------------------------

ဓါတ်ပုံ

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ( ၂၃)

Republic of the Union of Myanmar
Ministry of Livestock, Fisheries and Rural Development
Department of Fisheries
Fisher Registration Card

Serial No.---------

Name - ----------------------------
Father's Name - ----------------------------
N.R.C Number - ----------------------------
Date of Birth - - ----------------------------
Visible Mark on Body - ----------------------------
Adress - ----------------------------
- ----------------------------
- ----------------------------
Type of Fishery - ----------------------------
Fisher Registration Period - ----------------------------
Issued Date - ----------------------------

Left Thumb Print

Township Fishery Officer

ပုံစံ(၂၄)

# ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် ပြည်ထောက်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ

( နည်းဥပဒေများ ၊ နည်းဥပဒေ ၄၆ )

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး

တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ၊ အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့် ငါးလုပ်ငန်းအမျိုးအစား၊

(က) ဂရန်အင်း၊ (ခ)တင်ဒါငါးဖမ်းကွက်၊ (ဂ)အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ၊ ---------------------------------------------

---------------------------------------------

၆။ လုပ်ကိုင်ရာတွင် အသုံးပြုမည့်ကိရိယာ(ရှိခဲ့လျှင်)၊

(က) အမျိုးအစား၊ (ခ) ဦးရေ၊ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ

လျှောက်ထားသူ

တာဝန်/အဆင့်

ပုံစံ(၂၅)

# သီးသန့်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

( နည်းဥပဒေများ၊ နည်းဥပဒေ ၃ )

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------------------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။ ။ သီးသန့်အင်းလိုင်စင် ချထားလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားခြင်း။

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------------------သည် သီးသန့်အင်းအတွင်း ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် သီးသန့်အင်း လိုင်စင်ချထားလုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/
အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊
(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် သီးသန့်အင်းအမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် သီးသန့်အင်းအမည်၊

၇။ ရောင်းချမည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ လျှောက်ထားသည့်အချက်များ မှန်ကန်ကြောင်း ထောက်ခံပါသည်။

အုပ်ချုပ်ရေးမှူး

----------------------ကျေးရွာအုပ်စု

---------------------------မြို့နယ်။

နေ့စွဲ၊

ပုံစံ(၂၆)

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

**မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန**

သီးသန့်အင်း ဆွဲဝယ်ခွင့်လက်မှတ်

( နည်းဥပဒေများ၊ နည်းဥပဒေ ၃ )

**အမှတ်စဉ် -** /

၁။ သီးသန့်အင်း ဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ သီးသန့်အင်းဆွဲဝယ်ခွင့်ပြုသည့် ဂရန်အင်းအမည်၊

၇။ သီးသန့်အင်းဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ သီးသန့်အင်း ဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

------------------------------------မြို့နယ်

နေ့စွဲ၊